**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၁၅ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

၁။ ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်ခဲ့သည့် အလွန်ပြင်းထန်သောကောင်းသော ဆိုက်ကလုန်းမုန်တိုင်း “မိုခါ (MOCHA)” သည် (၁၄.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ကာ ဆိုက်ကလုန်းမုန်တိုင်း “မိုခါ (MOCHA)” အဖြစ်သို့ အားလျော့သွားခဲ့ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပါသည်။

၂။ အဆိုပါ ဆိုက်ကလုန်းမုန်တိုင်း “မိုခါ (MOCHA)” ရွေ့လျားရာတစ်လျှောက်ရှိ ဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များသည် အထူးကြည့်ကင်းများထားရှိ၍ မုန်တိုင်းဒဏ်ကြောင့်ပျက်စီး၍ ရေပြင်ပေါ်၌ မျောပါလျက်ရှိသည့် အန္တရာယ်ရှိသောအရာဝတ္ထုများကို အထူးဂရုပြုရှောင်ရှားမောင်းနှင်နိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)